ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၁) ရက်

(၁) နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သည့် ရွေးကောက်ခံအရပ်သားအစိုးရ၏ ကြိုးပမ်းမှုရလဒ်အဖြစ် ကုလသမဂ္ဂ Executive Board of UNDP/UNFPA/ UNOPS အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ရွေးကောက်ခံခဲ့ရပါသည်။

(၂) ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပသော ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council - ECOSOC) အစည်းအဝေးတွင် မြန်မာနိုင်ငံသည် ၂၀၂၂-၂၀၂၄ သက်တမ်း Executive Board of UNDP/ UNFPA/ UNOPS (United Nations Development Programme/ United Nations Population Fund/ United Nations Office for Project Services) အဖွဲ့ဝင်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ Executive Board အဖွဲ့ဝင်အဖြစ် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ မှ စတင်၍ (၃) နှစ် သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

(၃) နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ ဦးဆောင်သည့် ရွေးကောက်ခံ အရပ်သားအစိုးရသည် နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာ ကိစ္စရပ်များ

တွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ တက်ကြွစွာ ပါဝင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်ခဲ့၊ အားထုတ်လျက်ရှိပါသည်။

(၄) နိုင်ငံတကာဆက်ဆံရေးတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ရန်သာမက ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ကာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပါ အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

(၅) ထိုသို့ကြိုးပမ်းမှုကြောင့် ၂၀၁၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံအခြေစိုက် UNESCO Executive Board ၏ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ရွေးကောက်ခံခဲ့ရပါသည်။ အလားတူ ယခု Executive Board of UNDP/ UNFPA/ UNOPS အဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးချယ်ခံရန် ၂၀၁၇ ခုနှစ် ကတည်းက အမည်စာရင်း အဆိုပြု တင်သွင်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံကို အဆိုပါ Executive Board အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရရေး ထောက်ခံမှုပေးရန် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက အာရှ-ပစိဖိတ် ဒေသအုပ်စုဝင် နိုင်ငံများကို စည်းရုံးခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် အုပ်စုတစ်ခုလုံးက မြန်မာနိုင်ငံကို ကန့်ကွက်သူမရှိ ထောက်ခံမှု ပြုခဲ့သောကြောင့် ယခုကဲ့သို့ ရွေးကောက် တင်မြှောက်ခံ ခဲ့ရခြင်း ဖြစ်ပါသည်။

(၆) သို့ပါ၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ ဦးဆောင်သည့် ရွေးကောက်ခံအရပ်သားအစိုးရ၏ ကြိုးပမ်းမှု ရလဒ်အဖြစ် Executive Board of UNDP/ UNFPA/ UNOPS အဖွဲ့ဝင်အဖြစ် ရွေးကောက် ခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ Executive Board တွင် ဒေသတွင်းနှင့် ကမ္ဘာ့ပြည်သူများ၏ အကျိုးအတွက် တက်ကြွစွာ ပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ အနေဖြင့် ထပ်လောင်း ပြောကြား အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**